# ငြိမ်းကျော်၏ ဝတ္ထုတို(၂)ပုဒ်တွင် တွေ့ရှိရသော ဝတ္ထုတိုရေးဟန်

ထွန်းမမခိုင် [၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးဆရာငြိမ်းကျော်၏ "ကိုငှက်ရိုးနှင့်...သနပ်ခါးလူးခြင်း" ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ပါဝင်သော "သုသာန်၌သနပ်ခါးလူးခြင်း" နှင့် "ဓမ္မသောက အင်းဝရာဇာ" ဝတ္ထုတိုနှစ်ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ထိုဝတ္ထုတိုနှစ်ပုဒ်တွင် လောကလူ့သဘာဝစရိုက် အဖြစ်အပျက်တို့ကို သတိပြုဆင်ခြင်မိစေရန် ရည်ရွယ်ပါသည်။ စာတမ်းကိုရေးသားပြုစုရာတွင် ငြိမ်းကျော်၏ ဝတ္ထုရှည်၊ ဝတ္ထုလတ်၊ ဝတ္ထုတိုတို့ကို ဖတ်ရှုလေ့လာပြီး ထိုအထဲမှ ယခုတိုင် ခေတ်မီနေဆဲ မရိုးနိုင်သော အဖြစ်အပျက်များကို ရွေးချယ်ပြီး ပြုစုရေးသားခဲ့ပါသည်။ ထိုသို့တင်ပြရာတွင် အခန်း(၁) နိဒါန်းတွင် သုတေသနနောက်ခံ၊ စာပေလေ့လာဆန်းစစ်ချက်၊ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအင်္ဂါရပ်များ၊ ဝတ္ထုတိုနှင့်ဦးတည်ချက်၊ ဝတ္ထုတိုနှင့်ဇာတ်လမ်း၊ ဝတ္ထုတိုနှင့်အားပြိုင်မှု၊ ဝတ္ထုတိုနှင့်ကာလဒေသနောက်ခံ၊ အခန်း(၂)တွင် "သုသာန်၌သနပ်ခါးလူးခြင်း"၏ ဦးတည်ချက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်သဘာဝနှင့် အားပြိုင်မှု၊ ကာလဒေသနောက်ခံ၊ အခန်း(၃)တွင် "ဓမ္မသောက အင်းဝရာဇာ" နှင့်ခြုံငုံသုံးသပ်ချက်၊ နိဂုံးတို့ကို လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** - အင်္ဂါရပ်၊ ဦးတည်ချက်၊ အားပြိုင်မှု၊ ကာလဒေသနောက်ခံ

## နိဒါန်း

ငြိမ်းကျော်၏ ဝတ္ထုတိုများတွင် တွေ့ရှိရသော ဇာတ်လမ်း၊ ဇာတ်ဆောင်များသည် မြန်မာ့လူမှုပတ်ဝန်းကျင်တွင်တွေ့ရှိရသော လူတန်းစားအသိုင်းအဝိုင်းများပေါ်မူတည်၍ ခံယူချက်များကို တွေ့ရှိရသကဲ့သို့ ယုံကြည်ချက်ကွဲပြားခြားနားမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို လေ့လာဖတ်ရှုပြီး သုတေသနပြု တင်ပြထားပါသည်။ ငြိမ်းကျော်၏ဝတ္ထုတိုများတွင် တွေ့ရှိရသော ဇာတ်လမ်းများသည် စိတ်ကူးယဉ်ဆန်သောဇာတ်လမ်းများ မဟုတ်ကြဘဲ မိမိပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်များကို သတိမူမိဖွယ် တင်ပြထားပါသည်။ ဇာတ်ဆောင်များကို ဖန်တီးရာတွင်လည်း စံအဖြစ်ထားရသည့် ဇာတ်ဆောင်များကိုသာ ဖန်တီးထားသည်။ ဒိဋ္ဌဓမ္မလောကနှင့်

---

[၁] တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

ဝေးကွာလွန်းသော ဇာတ်လမ်းများ မဟုတ်ကြသည့်အတွက် စာဖတ်ပရိတ်သတ်တို့၏ အာရုံကို ဖမ်းစားနိုင်သည်ကိုလည်း တွေ့ရှိရသည်။ နှစ်သက်မှုကိုလည်း ဖြစ်စေသည်။ စာရေးသူ၏ စိတ်စေတနာ ကောင်းကို သူ၏ဝတ္ထုတိုများမှတစ်ဆင့် တွေ့မြင်ခွင့်ရလိုက်သည်။ စာဖတ်သူများအနေဖြင့်လည်း မိမိတို့၏ အပြုအမူများကို ဆင်ခြင်သုံးသပ်မိလာစေပါသည်။ ငြိမ်းကျော်၏ ဝတ္ထုတိုများကို ဖတ်ရှုလေ့လာခြင်းဖြင့် လူ့သဘော၊ လူ့စရိုက်သဘာဝတို့ကို သတိပြုမိလာစေပြီး လူမှုပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်သော အခွင့်အလမ်းများကို တွေ့မြင်သတိပြုမိလာစေနိုင်သည်။

## ရည်ရွယ်ချက်

လောကလူ့သဘာဝစရိုက် အဖြစ်အပျက်တို့ကိုသတိပြုဆင်ခြင်မိစေရန်၊ စာဖတ်သူများအနေဖြင့်လည်း မိမိတို့၏ အပြုအမူများကို သတိပြုနေထိုင်တတ်လာစေရန်၊ ဝတ္ထုတိုများကို ဖတ်ရှုလေ့လာခြင်းဖြင့် လောကကို ရှုမြင်ရာတွင် အကောင်းနှင့်အဆိုးကို ခွဲခြားတတ်လာစေရန်၊ လူ့အဖွဲ့အစည်းအမျိုးမျိုး၏ ပတ်ဝန်းကျင်သဘောသဘာဝတို့ကို သိမြင်လာပြီး ဂရုပြုတတ်လာစေရန်၊ မိမိဘဝအတွက် ပဲ့ကိုင်ရှင်သည် မိမိသာဖြစ်သည့်အတွက် အရာရာကို ကြောင်းကျိုးဆီလျော်စွာ ရှုမြင်သုံးသပ်နိုင်စွမ်းကို ပြုစုပျိုးထောင်မွေးမြူထားရှိစေရန် ရည်ရွယ်သည်။

**၁၊ ၁။ သုတေသနနောက်ခံ**

ဝတ္ထုတိုနှင့်ပတ်သက်၍ ရေးသားထားသော စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုခြင်း၊ ဝတ္ထုတို၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်ပတ်သက်၍ စာရေးဆရာကြီးများ၏ သဘောထားများ၊ ခံယူချက်များ၊ စာရေးဆရာ ငြိမ်းကျော်က ဝတ္ထုတိုနှင့်ပတ်သက်၍ ခံယူထားသော သဘောထားများ၊ ခံယူချက်များကိုလည်း ရှာဖွေဖတ်ရှုတင်ပြထားသည်။

**၁၊ ၂။ စာပေလေ့လာဆန်းစစ်ချက်**

ဝတ္ထုတိုနှင့်ပတ်သက်၍ စာရေးဆရာကြီးများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးရှိပါသည်။ ဝတ္ထုတိုဖြစ်စေ၊ ဝတ္ထုရှည်ဖြစ်စေ စာဖတ်သူကို သိစေလိုသော ဦးတည်ချက်ရှိ၍သာဖြစ်သည်။ ဝတ္ထုတိုတစ်ပုဒ် ဖန်တီးရေးသားရာတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့၏ စရိုက်နှင့် သဘောသဘာဝ၊ ကာလဒေသ နောက်ခံတို့သည် သူ့နေရာ နှင့်သူ အံဝင်ခွင်ကျဖြစ်မှသာလျှင် စာဖတ်သူတို့အား ရသခံစားမှုကို ပေးစွမ်းနိုင်သော ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပေါ်လာစေမည်။

> **စေတနာသည် ပွဲ့ကိုင်ဖြစ်သည်။ စေတနာထားအပ်သောအရာသည် ပန်းတိုင်ဖြစ်သည်။ ထိုပန်းတိုင်သို့ စေတနာက ပွဲ့ကိုင်ပေးသည့်အတိုင်း စိတ်ကူးဉာဏ်သည် စာရေးဆရာ၏ စာကို အရောက်လျှော်ပို့တတ်သည်ဟုယူသော် ရသင့်ပါသည်။** (ဇော်ဂျီ၊ ၂၀၀၄၊ ၂၇၄)

ဟုဆိုထားရာ စာရေးဆရာငြိမ်းကျော်၏ဝတ္ထုတိုများတွင် စေတနာကိုအရင်းခံကာ ဘဝ၏ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကိုပြသော လောကအမူအရာ၊ လူ့အမူအရာတို့ကို ပြသနိုင်သည့် အဆင့်အတန်းရှိသော ဝတ္ထုတိုကောင်းများအဖြစ် တွေ့မြင်ရသည်။

**၁၊ ၃။ ဝတ္ထုတိုသဘောတရား**

ရသစာပေ၏ ရည်ရွယ်ချက်သည် စာဖတ်ပရိတ်သတ်တို့အား နှစ်သက်ခံစားနိုင်စေရန်သာမက အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ဝေဖန်သုံးသပ် ဆင်ခြင်နိုင်စေရန်လည်းကောင်း၊ ဘဝအမြင် ရင့်သန်လာစေရန်လည်းကောင်း ဖန်တီးရေးသားရသော အနုပညာတစ်ရပ်ဖြစ်သည်။ မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်ပြောင်းလဲနေသော အကြောင်းအချင်းအရာတို့ကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်တတ်စေရန် ရည်ရွယ်သည်။ ရသစာပေသည် ထီးတစ်လက်ဆိုလျှင် ဝတ္ထုသည် ထီးခရိုင်တစ်ချောင်းပင်ဖြစ်သည်။ ဝတ္ထုတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုဟူ၍ အကြမ်းအားဖြင့် အပိုင်း(၂)ပိုင်းတွေ့ရှိရသည်။

ဝတ္ထုတို သဘောတရားနှင့်ပတ်သက်၍ စာရေးဆရာကြီးများ၏ အယူအဆအမျိုးမျိုးတို့ကို လေ့လာမှတ်သားရ သည်မှာ ဝတ္ထုတိုနှင့်ပတ်သက်၍ ဆရာအောင်သင်းက-

> **ဖြစ်ရပ်တစ်ကွက်၊ အတွေးအမြင်တစ်ချက်လောက်ကိုသာ မြိုးမြိုးမြက်မြက်ဖြစ်အောင် တင်ပြတာဟာ ဝတ္ထုတိုရဲ့ ပဓာနလက္ခဏာလို့ ယူဆပါတယ်။** (ဝင်းငြိမ်း၊ ၂၀၁၂၊ ၃၀၇)

ဟူ၍လည်းကောင်း၊ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာစာအုပ်ကိုရေးသားသူ စိုးဇင်ရွှေက-

> **နှစ်ပေါင်းရာထောင်ချီကြာသည့် အဖြစ်အပျက်များထဲမှ တစ်ချက်တစ်ကွက်ဖြစ်စေ၊ တစ်ဦးတစ်ယောက်၊ တစ်တွေးတစ်ကြံဖြစ်စေ ထင်းခနဲပေါ်လွင်အောင် ရေးဖွဲ့နိုင်လျှင် "ဝတ္ထုတို"သာ ဖြစ်ပါသည်။** (စိုးဇင်ရွှေ၊ ၂၀၁၅၊ ၄၂)

ဟူ၍ သူ၏အယူအဆကို ဖွင့်ဆိုထားသည်။ ဆရာကြီး ဒဂုန်တာရာကမူ-

> **ဝတ္ထုတိုဆိုတာ စာမျက်နှာနည်းလို့ ဝတ္ထုတိုလို့ခေါ်တာမဟုတ်ဘူး။ ရေးတဲ့ အကြောင်းအရာက အချိန်အနည်းဆုံးအတွင်းမှာ ဖြစ်ရမယ်။ အကြောင်းအရာတစ်ခုတည်းကို အလေးပေးပြီးရေးတာ ဖြစ်ရမယ်။ ဇာတ်ဆောင်ကလည်း နည်းနည်းပဲပါရမယ်။ ဒါကြောင့် ဝတ္ထုတိုဆိုတာ တိုတယ်။ နည်းတယ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပဲ။** (ဝင်းငြိမ်း၊ ၂၀၁၂၊ ၁၉၈)

ဖြစ်သည်ဟု တင်ပြခဲ့သည်။ ဝတ္ထုတိုနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင်-

> **ဝတ္ထုတိုဆိုသည်မှာ ဇာတ်ဆောင်တစ်ဦး သို့မဟုတ် အများကို အခြေခံထား၍ ဖြစ်ပျက်ချင်းရာတို့ကို စိတ်ဝင်စားဖွယ် ဖွဲ့နွဲ့ရေးသားထားသော အကြောင်းအရာစု။** (မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၃၆၀)

ဟု တင်ပြထားသည်။ စာရေးဆရာ ပြေ(ဆေး-၂)က ဝတ္ထုတိုနှင့် ဝတ္ထုရှည်ခွဲခြားကန့်သတ်မှုကို-

> **ဝတ္ထုတိုဟာ ဓာတ်ပုံတစ်ပုံရိုက်ချက်နဲ့တူတယ်။ ကိုယ်လိုချင်တဲ့အကွက်ကို အမိအရရိုက်ပြတာပဲ၊ ပုံထွက်လာရင် ပုံထဲမှာပါတဲ့အတိုင်းပဲ အပိုထပ်ဖြည့်ပြလို့မရဘူး၊ မရိုက်ခင်က ကိုယ့်ဟာကိုယ် လိုတာကို ကြည့်ထားရမယ်၊ တွေးထားရမယ်၊ ပုံထဲပါအောင် အမိအရရိုက်မယ်။** (ဝင်းငြိမ်း၊ ၂၀၁၂၊ ၄၅၇)

သူ့အမြင်ကို ပုံဖော်ထားသည်။

စာရေးဆရာ ဂျူးကလည်း ဝတ္ထုတိုသဘောတရားနှင့်ပတ်သက်၍-

> **ဝတ္ထုတိုကျတော့ အချိန်ကာလတိုတိုအတွင်း အဖြစ်အပျက်တစ်ခုလောက်ကို စာဖတ်တဲ့လူတွေ တစ်ထိုင်တည်း စိတ်ဝင်စားရုံမကဘူး၊ ကာလအတော်ကြာတဲ့အထိ မမေ့နိုင်လောက်အောင် စွဲမက်နှစ်သက်နေအောင် ရေးရတာမဟုတ်လား။** (ဝင်းငြိမ်း၊ ၂၀၁၂၊ ၄၆၉)

ဟု သူ့အမြင်ကို ဖော်ပြထားသည်။ ဆရာမကြီး စာရေးဆရာမ မမိုးမြေက-

> **ရသစာပေအဖွဲ့ပုံစံတွင် ပါဝင်သော ဝတ္ထုတိုသည် စာဖတ်သူအား နှစ်သက်ခြင်းကို ပေးနိုင်ရမည်။ ဝတ္ထုကို ဖတ်ခြင်းဖြင့် ရသနှစ်သက်ခြင်းကို ခံစားနိုင်ရမည်။ နှစ်သက်ခြင်းမှတစ်ဆင့် လောကအမြင်တစ်ရပ် ဘဝအသိတစ်ခု အလိုလို သိမြင်လင်းပွင့်လာရပါသည်။ နှစ်သက်ခြင်းနှင့်အတူ မေ့မရနိုင်အောင် သတိရနေလျှင် ဝတ္ထုတိုကောင်းဟု ယူဆနိုင်ပါသည်။** (မမိုးမြေ၊ ၂၀၁၉၊ ၁၇)

ဟု ထင်မြင်ချက်ပေးထားသည်။ ဝတ္ထုတိုသဘောတရားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို စာပေပညာရှင်များက သူတို့၏ ခံယူချက်၊ အတွေး၊ အမြင်တို့ကို အခြေခံလျက် ဖော်ပြထားကြသည်။ သူတို့၏ဖွင့်ဆိုထားချက်များကို ထောက်ရှုလေ့လာကြည့်ရလျှင် "ဝတ္ထုတိုဟူသည် စာဖတ်ပရိတ်သတ်များအား စာရေးသူက တင်ပြလိုသော အကြောင်းအရာတစ်ခု၊ မြင်ကွင်းတစ်ကွက်၊ ခံစားမှုတစ်ချက်ကို အနားကွပ်ကာ ဆိုလိုရင်းသို့လည်း ရောက်အောင် ခံစားမှုရသကိုပါ ပေးစွမ်းနိုင်သည့် တင်ပြချက်တစ်ရပ်ဖြစ်သည်"ဟု ခံယူမိပါသည်။

**၁၊ ၄။ ဝတ္ထုတိုအင်္ဂါရပ်များ**

မည်သည့်စာပေအမျိုးအစားတွင်မဆို ၎င်းတို့နှင့်သက်ဆိုင်သော အင်္ဂါရပ်များကို တွေ့ရှိရပေမည်။ ကဗျာ၊ ပြဇာတ်၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထု အစရှိသည်တို့တွင်လည်း သက်ဆိုင်ရာအင်္ဂါရပ်များ ရှိကြချည်းသာဖြစ်ပါသည်။ စာရေးသူသည် အကြောင်းအရာတစ်ခုကို ရေးသား၍ တင်ပြပြီဆိုကတည်းက စာဖတ်သူတို့အား အသိပေးလိုသည့် အချက်ရှိနေခြင်းပင်ဖြစ်သည်။ သိစေချင်သည့်ရည်ရွယ်ချက် ရှိနေခြင်းပင်ဖြစ်သည်။ ထိုရည်ရွယ်ချက်သို့ရောက်အောင် တင်ပြသည့်နေရာတွင် စာဖတ်သူတို့၏ စိတ်အာရုံကို ဖမ်းစားနိုင်စေရန် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ

နောက်ခံအခြေအနေ၊ အရေးအသားတင်ပြပုံများကို ကြိုတင်စီမံထားရပေသည်။ ဝတ္ထုတိုအင်္ဂါရပ်များနှင့် ပတ်သက်၍ ဆရာအောင်သင်း၏ သတ်မှတ်ချက်မှာ-

> **အခြေခံအားဖြင့်တော့ ဝတ္ထုတစ်ပုဒ်မှာ ဇာတ်ကောင်တစ်ခု သို့မဟုတ် ဇာတ်ကောင်အများ ပါရမယ်။ သူတို့တွေရဲ့ ဖြစ်ပျက်မှုအစဉ်လို့ ပြောနိုင်တဲ့ ဇာတ်လမ်းပါရမယ်။ ဒီနှစ်ချက်ကတော့ အခြေခံပါပဲ။ နောက်တစ်ဆင့် တက်လိုက်ရင်တော့ဖြင့် ဝတ္ထုဆရာ ပြောချင်တဲ့ အာဘော် (Theme) ပါရမယ်။ ဒီအာဘော်ကိုပဲ နောက်တစ်ဆင့်ထပ်ပြီး တက်လိုက်ရင် စာဖတ်သူအတွက် ဆင်ခြင်စဉ်းစားစရာ လောကအမြင် ဘဝသင်ခန်းစာ စတဲ့ အကျိုးရှိရာရှိကြောင်း အာဘော်ဖြစ်လာသင့်တယ်။ အဲဒါတွေဟာ ဝတ္ထုတစ်ပုဒ်ရဲ့ အခြေခံအင်္ဂါရပ်တွေပါပဲ။** (ဝင်းငြိမ်း၊ ၂၀၁၂၊ ၃၀၀)

ဟု မှတ်ချက်ပြုထားသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင်-

> **ဝတ္ထုကောင်းတစ်ခု၌ရှိအပ်သော အရည်အချင်းများကား ငါးမျိုးရှိ၏။ ယင်းတို့မှာ ဇာတ်လမ်းကောင်းခြင်း၊ လူ့သဘာဝအဖွဲ့ကောင်းခြင်း၊ ဇာတ်ကွက်နောက်ခံဖြစ်သော အခြေအနေဆီလျော်ခြင်း၊ စာရေးသူ၏ အထင်အမြင်ဖြစ်သော လောကသဘာဝအဖွဲ့ ကောင်းခြင်းနှင့် အရေးအသား အသုံးအနှုန်း ရှင်းလင်းပြတ်သားခြင်းတို့ဖြစ်၏။ ဝတ္ထု တစ်ပုဒ်တွင် ထိုအချက်ငါးချက်စလုံး ညီမျှပါရှိရန် လိုလေသည်။** (မြန်မာ့စွယ်စုံကျမ်း၊ ၁၉၇၂၊ ၄၃၄)

ဟုဆိုထားရာ ဝတ္ထုတို၊ ဝတ္ထုရှည် နှစ်မျိုးစလုံးနှင့်သက်ဆိုင်သည်ဟု ယူဆမိပါသည်။

ဆရာမကြီး မမိုးမြေက ဝတ္ထု၏အင်္ဂါရပ်များနှင့်ပတ်သက်၍-

**ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ ပြောစကားတို့သည် အချိတ်အဆက် မိ၍ တစ်ခုကိုတစ်ခု အထောက်အကူပြုအောင် ဖန်တီးတည်ဆောက်နိုင်လျှင် ဝတ္ထု၏ အင်္ဂါရပ် အစိတ်အပိုင်းအားလုံး စည်းလုံးညီညွတ်မှုရှိပြီးလျှင် အဆိုပါ ညီညွတ်မှုအားဖြင့် စာဖတ်သူ၏ စိတ်နှလုံးကို ဆွဲဆောင်လှုပ်ရှားစေနိုင်မည်ဖြစ်သည်။** (မမိုးမြေ၊ ၂၀၁၅၊ ၃၇၆)

ဟုဆိုထားရာ ယေဘုယျအားဖြင့် ဝတ္ထုတို၊ ဝတ္ထုရှည် နှစ်မျိုးစလုံးနှင့် အကျုံးဝင်နေသည်ကို တွေ့ရှိရသည်။

## ၁၊ ၅။ ဝတ္ထုတိုနှင့်ဦးတည်ချက်

စာရေးသူသည် ဒိဋ္ဌလောကကို သိမြင်မှု၊ ကြားသိမှု၊ တွေ့ကြုံမှုတို့ကို အခြေပြု၍ အမျိုးမျိုးသော ခံစားမှုတို့သည် ဖြစ်ပေါ်လာသည်။ ထိုခံစားမှု စိတ်အစဉ်သည် စာရေးသူ၌ ကိန်းအောင်းလျက်ရှိသည်။ စာရေးသူထံ၌ ကိန်းအောင်းလျက်ရှိသော ခံစားမှုကို စေတနာက လှုံ့ဆော်ပေးသောအချိန်တွင် စိတ်အစဉ်ကို နေရာတကျစီစဉ်၍ စာဖတ်သူတို့ထံသို့ နှစ်သက်ခံစားမှုဖြစ်စေရန်၊ ဘဝအာနိသင်ရရှိလာစေရန် ပုံဖော်ဖန်တီးကာ ပေးအပ်လိုက်လေသည်။ ထိုကဲ့သို့သော စေတနာသည်ပင် စာရေးသူ၏ ဦးတည်ချက်ဖြစ်သည်။ ဦးတည်ချက်သည်ပင် ဝတ္ထုတစ်ပုဒ်၏ အဓိကကျသော ရေသောက်မြစ်ဖြစ်သည်။ ဘဝအသိကိုပေးခြင်းသည်ပင်လျှင် ဦးတည်ချက်ဖြစ်ကြောင်းကို ဆရာဇော်ဂျီက-

> **လောကအမှုအရာ၊ လူ့အမှုအရာ အဖွဲ့အနွဲ့တို့ကိုသော်လည်းကောင်း၊ ကြုံဖူးခဲ့သော်လည်း သတိမမူမိခဲ့သော ထိုအမှုအရာ အဖွဲ့အနွဲ့တို့ကိုသော်လည်းကောင်း ဖတ်နိုင်၊ နာနိုင်ကြ၍ ရသအတွေ့အကြုံအမျိုးမျိုး ရနိုင်ကြသည်ဖြစ်ရာ ဆား၏ အငန်သဘောကို လျှာ၏ ခံစားမှုမှ သိရသကဲ့သို့ ဘဝအကြောင်းအမျိုးမျိုးကိုလည်း သိလာနိုင်သည်ဟု ယူဆပါသည်။ ရသစာပေသည် ဤနည်းဖြင့် ဘဝအသိကိုပေးခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။** (ဇော်ဂျီ၊ ၂၀၀၄၊ ၂၈၂)

ဟူ၍ ရသစာပေအမျိုးအစားတွင် အကျုံးဝင်သော ဝတ္ထုတို၊ ဝတ္ထုရှည်တို့တွင် ပါဝင်သော ဘဝအာနိသင်သည် စာရေးသူ၏ စေတနာပါသော ဦးတည်ချက်ဖြစ်သည်မှာ သိသာထင်ရှားလျက်ရှိသည်။

စာရေးသူက စာဖတ်သူတို့အား ပေးချင်သည့်အရာမှာ ဘဝအမြင် ပေါ်ပေါက်လာစေရန်ဖြစ်သည်။ ထိုဘဝအမြင်ကို မှန်ကန်စွာအသုံးပြုနိုင်လျှင် စာရေးသူ၏ ဦးတည်ချက်မှာ မှန်ကန်ထိရောက်မှုရှိနေခြင်းပင်ဖြစ်သည်။ စေတနာလည်းမှန် လေးနက်သော ဘဝအတွေ့အကြုံပေါ် အခြေခံမှသာလျှင် ဘဝအသိအမြင် ပေါ်ပေါက်လာနိုင်ကြောင်းကို မောင်ခင်မင်(ဓနုဖြူ)က-

> **ရသဖန်တီးသူ၏ စေတနာက ပဲ့ကိုင်သော စိတ်ကူးဉာဏ်နှင့် အရေးအဖွဲ့ နည်းနာကျွမ်းကျင်မှုကို လိုက်၍ ဖန်တီးလိုက်ရသော ရသအာနိသင် အနုအရင့် ကွဲပြားမည်ဖြစ်သည်။ အကယ်၍ ရသဖန်တီးသူသည် စေတနာလည်းမှန်၍ လေးနက်သော ဘဝ**

**အတွေ့အကြုံကို အခြေခံသည့် စိတ်ကူးဉာဏ်လည်းရှိလျှင် ဖန်တီးလိုက်ရသောရသသည် ပတ်ဝန်းကျင်လောကကို သတိပြုမိပြီး ဘဝအသိအမြင် ပေါ်ပေါက်စေသည့် အဆင့်အတန်းရှိသော ရသမျိုးဖြစ်လာမည်။** (မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၈၊ ၂၀၁)

ဟု အတွေးမှန်၊ စေတနာမှန်မှသာ ရသစာပေအတွက် ဦးတည်ချက်ကောင်း ဖြစ်လာနိုင်ကြောင်းကို အသိပေးထားခြင်းဖြစ်သည်။

ဝတ္ထုတိုဦးတည်ချက်နှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ခံယူချက်အမျိုးမျိုးရှိသော်လည်း စာရေးသူသည် မိမိတွေ့မြင်ကြုံကြိုက်၊ ခံစားရသည်တို့ကို စာဖတ်သူတို့အား တင်ပြလိုသောအခါ ဇာတ်လမ်းအသွင်ဖန်တီးကာ ထုတ်ဖော်ပြသလိုက်သည်။ ထိုသို့ ဖန်တီးထုတ်ဖော်လိုက်သော ဇာတ်လမ်းတွင် စာဖတ်သူတို့အား ပြောလိုသည့် စေတနာရည်ရွယ်ချက်တို့ကို ဇာတ်ဆောင်တို့၏ ကံသုံးပါး အမူအရာတို့တွင် ထည့်သွင်းကာ ခံစားမှုအာရုံကို နှိုးဆွပေးလိုက်ခြင်းပင်ဖြစ်သည်။ ဦးတည်ချက်၊ အာဘော်၊ ရည်ရွယ်ချက်၊ စေတနာ စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသော်လည်း ဦးတည်ချက်ဟူသည် စာရေးသူပေးလိုသော အဓိကအကြောင်းအချက်တစ်ရပ်အဖြစ် ထင်ရှားနေပေသည်။

**၁၊ ၆။ ဝတ္ထုတိုနှင့်ဇာတ်လမ်း**

ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထု၊ ပြဇာတ် အစရှိသဖြင့် မည်သည့်စာပေအမျိုးအစားတွင်မဆို ဇာတ်လမ်းရှိရမည်ဖြစ်သည်။ ဇာတ်လမ်းသည် ဒိဋ္ဌဓမ္မလောကအကြောင်းအရာ ဖြစ်ချင်လည်းဖြစ်မည်။ စိတ်ကူးဉာဏ်ကွန့်မြူးထားသော အကြောင်းအရာဖြစ်ချင်လည်းဖြစ်မည်။ မည်သို့ပင်ဆိုစေကာမူ ဇာတ်လမ်းရှိပါမှ စာဖတ်သူထံသို့ ပြောလို ပို့လိုသည့် အကြောင်းအရာ အဖြစ်အပျက်များသည် လျင်မြန်စွာ ရောက်ရှိနိုင်ပေလိမ့်မည်။ ဤကဲ့သို့ ပို့ဆောင်ရာတွင် ဇာတ်လမ်းသည် အကျိုးအကြောင်း ဆီလျော်မှုရှိရမည်ဖြစ်ကြောင်းကို-

**ဇာတ်လမ်းဟူသည် ဖြစ်ရပ်များကို ကြောင်းကျိုးဆက်စပ်ပြထားသော ဖြစ်စဉ်တစ်ခု ဖြစ်သည်။ ဇာတ်လမ်းတွင်ပါဝင်သော ဖြစ်ရပ်များသည် ကြောင်းကျိုးဆက်စပ်နေသည်။ ပထမဖြစ်ရပ်ကို အကြောင်းပြု၍ ဒုတိယဖြစ်ရပ် ပေါ်ပေါက်သည်။ တစ်ဖန် ဒုတိယဖြစ်ရပ်ကို အကြောင်းပြု၍ တတိယဖြစ်ရပ် ပေါ်ပေါက်သည်။ ဤသို့ဖြင့် ဖြစ်ရပ်များ**

**ကြောင်းကျိုးဆက်စပ်ကာ ပြီးဆုံးသည်အထိ ပေါ်သည်။** (မောင်ခင်မင်(ဓနုဖြူ)၊ ၂၀၁၃၊ ၁၀၈)

ဟုဆိုထားရာ ဇာတ်လမ်းပါဖြစ်ရပ်များသည် ဖြစ်စဉ်ပြီးဆုံးသည်အထိ ကြောင်းကျိုးဆက်စပ်နေရမည် ဖြစ်ကြောင်းမှာ သိသာထင်ရှားလှပေသည်။ ဝတ္ထုတိုဖြစ်စေ၊ ဝတ္ထုရှည်ဖြစ်စေ စာဖတ်သူ၏ သိလိုစိတ်ထက်သန်လာ စေရန်အတွက် စာရေးသူတို့ ဆောင်ရွက်ရမည့်အချက်မှာ-

**ဝတ္ထုဇာတ်လမ်းတွင် စာဖတ်သူ၏စိတ်၌ သိလိုစိတ်ထက်သန်လာစေရန် အားထုတ်ရာတွင် ဇာတ်လမ်းအင်္ဂါရပ်များဖြစ်သည့် ဇာတ်ပျိုး (Exposition)၊ ဇာတ်တက် (Complication)၊ ဇာတ်ထွတ် (Climax)၊ ဇာတ်ဆင်းဇာတ်သိမ်း (Denouement) တို့ကို စီစဉ်အကွက်ချယူသည်။** (မိုးမြေ၊ ၂၀၁၅၊ ၄၃)

ဟု စာရေးသူတို့ ကြိုတင်ပြင်ဆင်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တင်ပြထားသည်။

ဝတ္ထုတို၊ ဝတ္ထုရှည်တို့သာမက အခြားသော အနုပညာရပ်အသီးသီးတွင် ရသသည် အရေးပါသည် ချည်းဖြစ်သည်။ ရသခံစားသူ ပရိတ်သတ်တို့ကလည်း ထိုရသကို ပုံစံအမျိုးမျိုးဖြင့် ခံစားကြသည်။ သို့ဖြစ်ရာ စာအရေးအသားအသွင်ဖြင့် တင်ဆက်ရသော ဝတ္ထုတိုများတွင်မူ စာရေးသူတို့က စာဖတ်သူတို့၏ အတွေးခံစားမှုများကို စိတ်တွင် ခံစားသက်ဝင်လာအောင် ထိတွေ့ရာတွင် ဇာတ်လမ်းသည် အဓိကကျသောအခန်းမှ ပါဝင်လျက်ရှိသည်ကို တွေ့မြင်ကြရပေလိမ့်မည်။

**၁၊ ၇။ ဝတ္ထုတိုနှင့်အားပြိုင်မှု**

လူသည် တစ်ဦးတစ်ယောက်တည်းနေသော သတ္တဝါမျိုးမဟုတ်ချေ။ အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်၊ အသင်းအဖွဲ့အဖြစ် စုစုစည်းစည်း နေထိုင်တတ်သောသူများ ဖြစ်ကြသည်။ ထို့ကြောင့် လူအချင်းချင်း တစ်ယောက်နှင့် တစ်ယောက် စိတ်ဝင်စားကြသည်။ ထိုသို့ စိတ်ဝင်စားရာမှ အချင်းချင်းထိတွေ့ကြရာမှ အားပြိုင်မှုများ ပေါ်ပေါက်လာကြသည်။ အချင်းချင်းထိတွေ့မှု၊ ခံစားမှုသည် စာရေးသူတို့အတွက် ဇာတ်လမ်းဖြစ်လာပြီး အားပြိုင်မှုများသည် ဇာတ်လမ်းတစ်ခုတွင် မရှိမဖြစ် အင်္ဂါရပ်တစ်ခု ဖြစ်လာသည်။ အားပြိုင်မှုများကို အမျိုးအစားခွဲခြားလိုက်လျှင်-

(၁) ဇာတ်ဆောင်အချင်းချင်းအားပြိုင်မှု

(၂) ဇာတ်ဆောင်နှင့်ပတ်ဝန်းကျင်အားပြိုင်မှု

(၃) ဇာတ်ဆောင်၏ အရှုတ္တစိတ်တွင်းအားပြိုင်မှုတို့ဖြစ်ကြသည်။

အားပြိုင်မှုနှင့်ပတ်သက်၍ ဆရာမကြီး မမိုးမြေက-

> **လူသားတို့ဖတ်ရန်အတွက် လူ့ဘောင်လောကအကြောင်းကို ပြန်၍ရေးပြသော ဝတ္ထုတွင်လည်း စာဖတ်ပရိတ်သတ်သည် အားပြိုင်မှုကို နှစ်သက်ကြသည်မှာ သဘာဝကျပါသည်။ လောကအကြောင်း၊ လူ့အကြောင်းကို နားလည်သော ဝတ္ထုရေးသူသည် အားပြိုင်မှုအမျိုးမျိုးကို ဖန်တီး၍ သူ၏ဇာတ်လမ်းအပေါ် စာဖတ်သူတို့ အာရုံစူးစိုက်အောင် စည်းရုံးဆွဲဆောင်ကြပါသည်။** (မမိုးမြေ၊၂၀၁၅၊၇၅)

ဟူ၍ လူ့ဘဝသည် မိမိကိုယ်တိုင်က သတိမထားမိသော်လည်း အားပြိုင်မှုများနှင့် ရှင်သန်နေထိုင်ကြရသည်မှာ အမှန်ပင်ဖြစ်သည်။ အားပြိုင်မှုများသည် ဇာတ်ဆောင်တို့၏ အသွင်သဏ္ဌာန်ကို ရုပ်လုံးကြွပီပြင်စေသည်ကို တွေ့မြင်ရပါသည်။ အားပြိုင်မှုများရှိနေကြသော ဇာတ်ဆောင်များသည် ဇာတ်လမ်းဖြစ်ပေါ်စေရန်၊ ရည်ရွယ်ချက် ပေါ်လွင်စေရန်၊ ဇာတ်လမ်းလှုပ်ရှားသက်ဝင်မှုရှိစေရန်အတွက် မရှိမဖြစ်လိုအပ်သည်မှာ အမှန်ပင်ဖြစ်ကြောင်းကို တွေ့ရှိရပေသည်။

**၁၊ ၈။ ဝတ္ထုတိုနှင့် ကာလဒေသနောက်ခံ**

ဝတ္ထုတွင် ကာလဒေသဝန်းကျင်၊ နောက်ခံဝန်းကျင်မပါဘဲ မဖြစ်နိုင်သည်မှာ အသေအချာပင်ဖြစ်သည်။ ဇာတ်ဆောင်စရိုက် ရှင်သန်သက်ဝင်လာစေရန် နောက်ခံဝန်းကျင်နှင့် ကာလဒေသအဖွဲ့တို့က ပံ့ပိုးပေးမှသာလျှင် ပြီးပြည့်စုံသော အခင်းအကျင်းကို တွေ့မြင်ရနိုင်ပေမည်။ ဝတ္ထုတွင်ပါဝင်သော ကာလ၊ ဒေသနောက်ခံနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်မှာ-

> **ဝတ္ထုတွင်ပါဝင်သော အဖြစ်အပျက်၊ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့၏ နေထိုင်ကြီးပြင်း၊ လှုပ်ရှားရုန်းကန်မှုများသည် မည်သည့်ခေတ်၊ မည်သည့်အချိန်၊ မည်သည့်ဒေသတွင် ဖြစ်ပျက်လှုပ်ရှားခဲ့သည်ဟူသော ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့၏ ဖြစ်ပျက်လှုပ်ရှားရာ နေရာနှင့် အချိန်ကာလကို ဖော်ပြခြင်းဖြစ်သည်။** (မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၇၈)

ဟုဆိုထားသည်။ ဝတ္ထု၏အရသာကို ပိုမိုပြည့်စုံစွာ ခံစားနိုင်ရန်အတွက် ပျိုးထောင်ပေးသည့် အရင်းခံအကြောင်းပင်ဖြစ်သည်။ ဝတ္ထုဖတ်ရှုသူတို့စိတ်တွင် အမှန်တကယ်ဖြစ်နေသကဲ့သို့ ထင်ယောင်၊

မြင်ယောင် ဖြစ်လာစေရုံသာမက ဇာတ်လမ်းပေါ်လိုက်၍ အမျိုးမျိုးသောခံစားမှုများကို ပေးစွမ်းနိုင်အောင် အထောက်အကူပေးနိုင်သည်။ ထို့ပြင်မက လူ့အဖွဲ့အစည်းအမျိုးမျိုး၏ ပတ်ဝန်းကျင်ကို ပေါ်လွင်အောင် အဓိကထားပြီး ရေးဖွဲ့တတ်ကြသော ယနေ့မျက်မှောက်ခေတ်ကာလတွင် နောက်ခံဝန်းကျင်ကပင် တစ်ခါတစ်ရံတွင် အဓိကဇာတ်ဆောင်ကြီးသဖွယ် ဖြစ်နေတတ်ပါသည်။

## ၂။ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ

ဝတ္ထုရေးသားသူများစွာရှိသည့်အနက် တစ်မူထူးခြားသော ရှုထောင့်များမှ ပုံစံများဖြင့် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုများအပါအဝင် မြန်မာ့ပြဇာတ်ရေစီးကြောင်း သုတေသနဆောင်းပါး အပါအဝင် သုတေသနဆောင်းပါးများစွာကို ရေးသားခဲ့သူမှာ ဆရာငြိမ်းကျော်ပင်ဖြစ်ပါသည်။ "ငွေတောင်၊ သုခနေ့၊ မနော်ဟရီ သမိုင်းကြောင်းသုတေသန" စာအုပ်ဖြင့် "သုတပဒေသဝိဇ္ဇာ" ဆုကို ရရှိခဲ့သည်။ ဆရာငြိမ်းကျော်သည် စာပေအမျိုးအစားများစွာကို ရေးသားခဲ့သူလည်းဖြစ်သည်။ မြန်မာစာပေလောကအတွက်လည်း အားကိုးအားထားပြုနိုင်ရလောက်အောင်ပင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ ဆရာငြိမ်းကျော်၏ ဝတ္ထုတိုများသည် ခေတ်၏ပုံရိပ်ကို ပေါ်လွင်စေသကဲ့သို့ လူတန်းစားပေါင်းစုံတို့ စရိုက်သဘာဝကိုလည်း ပီပြင်ပေါ်လွင်အောင် ရေးသားနိုင်သူလည်းဖြစ်သည်။

စာရေးသူသည်မိမိပတ်ဝန်းကျင်တွင်ရှိသောသူများကိုလည်းခံစားအသိဖြင့် ကြည့်တတ်မြင်တတ်သည့်အတိုင်း တင်ပြလေ့ ရှိသူဖြစ်သည်။ ထိုသို့ တင်ပြသည့်အခါတွင်လည်း ဇာတ်ကောင်တို့၏ စရိုက်သဘာဝကို အဇ္ဈတ္တပိုင်း၊ ဗဟိဒ္ဓပိုင်း နှစ်ပိုင်းစလုံးကို လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင် တင်ပြခြင်းမျိုးမဟုတ်ဘဲ ငြင်သာသိမ်မွေ့သော အတွေးအခေါ်များဖြင့် ကိုင်တွယ်၍ စာဖတ်သူတို့၏ စိတ်ခံစားမှုကို နှစ်သက်စွာ စွဲလမ်းစေရန် ဆွဲဆောင်စည်းရုံးခေါ်ဆောင်သွားနိုင်သည့် ကလောင်စွမ်းကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပါသည်။

ဆရာ ငြိမ်းကျော်သည် စာပေအမျိုးအစားပေါင်းများစွာကို လိုက်ဖက်သော ရေးသားနည်းများကို အသုံးပြု၍ အံဝင်ခွင်ကျဖြစ်အောင် ရေးသားနိုင်သူဖြစ်ပါသည်။ ဝတ္ထုတိုများကို ဖန်တီးရေးသားရာတွင်လည်း အဓိကထားတင်ပြလိုသည့် အကြောင်းအရာကို ပိုင်နိုင်စွာကိုင်တွယ်၍ ရှင်းရှင်းလင်းလင်း တင်ပြနိုင်သူ ဖြစ်ကြောင်း သူ၏ဝတ္ထုတိုများက သက်သေပြနေသည်ကို တွေ့ရသည်။

## ၂၊ ၁။ သုသာန်၌သနပ်ခါးလူးခြင်း

"သုသာန်၌သနပ်ခါးလူးခြင်း" ဝတ္ထုတိုသည် ၁၉၆၈ ခုနှစ်၊ ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဆရာ ငြိမ်းကျော်က ရေးသားခဲ့ပြီး "ကိုငှက်ရိုးနှင့်...သနပ်ခါးလူးခြင်း" ခေါင်းစဉ်ဖြင့်ထုတ်ဝေသော ဝတ္ထုတို ပေါင်းချုပ်စာအုပ်တွင် ပါဝင်သော ဝတ္ထုတိုတစ်ပုဒ်ဖြစ်ပါသည်။

### ၂၊ ၁၊ ၁။ ဦးတည်ချက်

"သုသာန်၌သနပ်ခါးလူးခြင်း" ဝတ္ထုတိုသည် ကာလဒေသနှင့် လိုက်လျောညီထွေ ပြုမူနေထိုင်တတ် စေရန်နှင့် လူကုံထံအသိုင်းအဝိုင်း၏ လူ့စရိုက်၊ လူ့သဘောသဘာဝကို မြင်ယောင်သိရှိလာစေပြီး လုပ်သင့်သည့်အလုပ်နှင့် မလုပ်သင့်သည့်အလုပ်တို့ကို ခွဲခြားသိရှိနိုင်စေရန် အသိပေးဖော်ပြလိုရင်းပင် ဖြစ်သည်။ တစ်နည်းဆိုရသော် လူ့ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းတွင် နေထိုင်ကြသော လူတစ်ယောက် အနေနှင့် အပြုအမူ၊ အပြောအဆို၊ နေထိုင်စားသောက်မှု အစရှိသည့် ဖြစ်စဉ်တိုင်းတွင် လက်ရှိဖြစ်ပေါ် နေသော အခြေအနေပေါ်တွင်မူတည်ပြီး လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်းနှင့် မိမိဆန္ဒအလျောက် ဖြစ်ချင်သည့်အတိုင်း မလုပ်ကိုင်ဘဲ ဆင်ခြင်တုံတရား လက်ကိုင်ထားရှိရေးကို အလေးကဲ အသားပေးကာ ရေးသားထားသော ဝတ္ထုတိုကောင်းတစ်ပုဒ်ဟု ဆိုနိုင်သည်။

### ၂၊ ၁၊ ၂။ ဇာတ်လမ်း

ဝတ္ထုတိုတွင်ပါဝင်သော "မစန္ဒာလွင်" နှင့် မိသားစုတစ်စုလုံးသည် ချမ်းသာသော လူကုံထံအသိုင်းအဝိုင်း မှ ဖြစ်ကြသည်။ ချမ်းသာသလောက်လည်း ဂုဏ်တုဂုဏ်ပြိုင်ပြုကာ ကြွားဝါလိုသော စိတ်ဆန္ဒအပြည့် ရှိကြသူများလည်းဖြစ်ကြသည်။ "မစန္ဒာလွင်" သည် ရုပ်ရည်သာမက ခန္ဓာကိုယ်အချိုးအစား လှပ ပြေပြစ်သူ၊ ခေါင်းအစ ခြေအဆုံး ပြင်ဆင်ခြယ်သမှုအပိုင်းတွင်လည်း ခေတ်မီစွာ ပြင်ဆင်ခြယ်သနိုင်သူ၊ အလှအပရေးရာနှင့်ပတ်သက်လာလျှင် ပြည်တွင်းသာမက ပြည်ပအထိပါ အသိုင်းအဝိုင်းက ပံ့ပိုးပေးမှု နှင့်အတူ ပြင်ဆင်ခြယ်သနိုင်သူတစ်ယောက်အဖြစ် တွေ့ရသည်။

ပွဲလမ်းသဘင်များ တက်ရောက်ရခြင်းကိုလည်း နှစ်သက်သည်။ ထိုသို့နှစ်သက်ရခြင်းမှာလည်း မိမိ၏ ရုပ်ရည်၊ ဝတ်စားဆင်ယင်ခြယ်သမှု အလှအပကို ဂုဏ်ယူဝံ့ကြွားစွာ ဖော်ထုတ်ပြသရင်း၊ အများ၏ ချီးမွမ်းမြှောက်ပင့်ပြောဆိုသံများကို သာယာမိန်းမောသူတစ်ဦးဖြစ်သည်။ "မစန္ဒာလွင်" သည် မိမိ၏ အလှအပအတွက် တစ်စုံတစ်ခုရရှိပြီဆိုလျှင် ခေါင်းအစ ခြေအဆုံးအတွက် သေသေချာချာစနစ်တကျ

ပြင်ဆင်ပြီး ပွဲလမ်းသဘင်ကို မျှော်လင့်စောင့်စားတတ်သည်။ သူနှင့်ပြိုင်ဖက်ဟု ဆိုနိုင်လောက်သောသူ အများအပြားရှိရာ အဝန်းအဝိုင်းကိုလည်း ရွေးချယ်တတ်သူဖြစ်သည်။ တစ်နေ့တွင် "မစန္ဒာလွင်"၏ အစ်မဖြစ်သူသည် ကိုယ့်စရိတ်နှင့်ကိုယ် ပြင်သစ်နိုင်ငံတွင်ကျင်းပသော နိုင်ငံတကာ အမျိုးသမီးဖက်ရှင် ပွဲတော်သို့ တက်ရောက်ခဲ့သည်။ ဖက်ရှင်ပွဲတော်မှ အဖြူရောင်ကို ထိုနှစ်အတွက် ဖက်ရှင်အရောင်အသွေး အဖြစ် ပြဋ္ဌာန်းလိုက်ကြောင်း သတင်းကောင်းပါးရာမှ အစပြုတော့သည်။ မှာထားသော ပုလဲတစ်ဆင်စာ နှင့် လိုက်ဖက်သောဝတ်စုံတို့ကလည်း အဆင်သင့်ဖြစ်နေပေပြီ၊ ဝတ်စုံပြည့်အစမ်းလည်း ဝတ်ဆင်ကြည့် ပြီးပြီဖြစ်သည်။ "မစန္ဒာလွင်"၏ မိသားစုကလည်း လှပပါပေသည်ဟု တညီတညွတ်တည်း အသိအမှတ် ပြုပြီးပြီလည်းဖြစ်သည်။ သို့သော် သွားစရာ ပွဲလမ်းသဘင်တစ်ခုမှမရှိခြင်း၊ ဖိတ်စာတစ်စောင်မှ ရောက်ရှိ လာခြင်းမရှိပေ။ သို့သော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည့် ဖိတ်စာက လူကုံထံအသိုင်းအဝိုင်းမှ နာရေးဖိတ်စာပင်ဖြစ်သည်။ "မစန္ဒာလွင်"အဖို့ နေရာဒေသကိုမကြည့်နိုင်၊ ပွဲလမ်းသဘင်ကို ရွေးနေခြင်း မပြုဘဲ အလှအပဆုံးပြင်ဆင်ပြီး သွားခဲ့သည်။ ထိုနည်းတူပင် နာရေးရှင်များကလည်း ခေသူများမဟုတ် ကြပါ။ ဂုဏ်တုဂုဏ်ပြိုင်ပြုကာ ကြွားဝါတတ်ကြသောသူများ ဖြစ်ကြသည်။ ဝမ်းနည်းပူဆွေးနေရ သည့်တိုင် "မစန္ဒာလွင်"နှင့်အပြိုင် သူတို့၏ ချမ်းသာကြွယ်ဝမှုကို ထုတ်ဖော်ကာ ဝမ်းနည်းပူဆွေးပြကြ သည်။ နာရေးရှင်နှင့် နာရေးတက်ရောက်လာသူ နှစ်ဦးနှစ်ဖက် ပြိုင်ဆိုင်ပြောဆိုနေကြသည့် မြင်ကွင်းက ပွဲကိုမြိုင်ဆိုင်စေပါသည်။ ဤပွဲတွင် ရှိနေကြသူများက "မစန္ဒာလွင်"၏ အလှအပကို အသိအမှတ်ပြုကြ သည့် မျက်လုံးများကို ခံစားမိပြီး နှစ်သက်ကျေနပ်လျက်ရှိသည်။ ထိုပွဲတွင် အနိုင်ရလိုက်သောကြောင့် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူလျက်ရှိသည်။ အိမ်တွင် နေရစ်ခဲ့သော ဖခင်ဖြစ်သူအား မိမိအနိုင်ရကြောင်းကို သိစေချင်သူဖြစ်ကြောင်းကို ဇာတ်လမ်းကိုပုံဖော်ကာ တင်ပြထားသည်။

### ၂၊ ၁၊ ၃။ ဇာတ်ဆောင်စရိုက်သဘာဝနှင့် အားပြိုင်မှု

"သုဿန်၌သနပ်ခါးလူးခြင်း" ဝတ္ထုတိုတွင် စာရေးသူသည် ၁၉၆၈ ခုနှစ်ဝန်းကျင်က လူကုံထံ အသိုင်း အဝိုင်းအတွင်း ဂုဏ်တုဂုဏ်ပြိုင်ပြုကာ ကြွားဝါကြရာတွင် ကာလဒေသမရွေးဘဲ ပြိုင်တတ်ကြပုံကို ရေးသားတင်ပြထားသည်။ ထိုသို့ကြွားဝါကြခြင်းသည် ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်ဘဲ ဆန့်ကျင်ဘက် အသွင်ဆောင်နေပုံကို "မစန္ဒာလွင်နှင့်မိသားစု" နှင့် "ဖလော်ရာနှင့်မိသားစု"တို့ကို ဇာတ်ဆောင်များအဖြစ် ဖန်တီးကာ၊ မိသားစုနှစ်ခုကို အားပြိုင်စေကာ ဇာတ်လမ်းဆင်ထားသည်။

ဇာတ်ဆောင်“မစန္ဒာလွင်”သည် ပုလဲတစ်ဆင်စာကို ပန်းထိမ်တွင်အပ်ပြီးနောက် လက်ဝယ်ရှိသည်နှင့်တစ်ပြိုင်နက် လိုက်ဖက်သော အဝတ်အစားတို့ကို ကိုယ်တိုင်အပင်ပန်းခံကာ သေသေချာချာ ကျကျနနဖြစ်အောင် စိတ်တိုင်းကျဖြစ်အောင် ချုပ်လုပ်စေပြီး ဝတ်စုံပြည့်လည်း အစမ်းဝတ်ဆင်ကြည့်သောအခါ မိသားစု၏ ချီးမွမ်းခြင်းကိုလည်း ခံယူပြီးပြီဖြစ်သည်။ မိမိကိုယ်တိုင်ကလည်း လှသည်ဟု ယုံကြည်သည်။ သို့သော် သူ၏ ပြိုင်ဖက်များကို မြင်စေချင်သည့်အတွေးကို-

> **သမီးကိုပြိုင်နေတဲ့ မြညိုနွယ်တို့၊ အေးကြည်ကြည်သွယ်တို့၊ မိုးမိမိခိုင်တို့ မြင်စေချင်တယ်၊ တစ်ခါတည်း တက်သွားကြမှာပဲ။** (ငြိမ်းကျော်၊၂၀၁၂၊ ၁၀၅)

ဟု စိတ်အတွေးဖြင့် အနိုင်ယူလိုက်သည်။ အလှအပရေးရာနှင့်ပတ်သက်၍ ယှဉ်လာလျှင် သူ့ကို ယှဉ်နိုင်မည့်သူ မရှိကြောင်းသိထား၍ စိတ်ဇောအဟုန် ခုန်လှိုက်နေသည့် စရိုက်သဘာဝကို ပေါ်လွင်စေသည်။ မိမိကိုယ်နှင့် မိမိစိတ်အားပြိုင်မှုကိုလည်း မဓမ္မလျှော့ ထည့်ထားသည်မှာ သိမ်မွေ့လှသည်။ ယှဉ်ပြိုင်နေသည်မှာ အခြားသူများမဟုတ်ဘဲ မိမိသာဖြစ်ကြောင်းကို မသိသော၊ မာန်မာနကြီးသော စရိုက်အဖြစ် ပုံဖော်ထားသည်။

ဇာတ်ဆောင်“မစန္ဒာလွင်”နှင့် သူ၏မိခင်တို့ သတင်းစာမှ နာရေးကြော်ငြာကိုကြည့်ပြီး ပွဲကြီးလမ်းကြီးတစ်ခုကို တွေ့ရသူများပမာ ဖြစ်နေကြပုံကို-

> **ဦးစိန်ရတီမှန်ရဲ့ ယောက်ဖရဲ့သမက် ကိုကြာပဒုံဆိုတဲ့လူကိုတောင် ထည့်ထားတာပဲ။ လူနာမည် သက်သက်မှမဟုတ်ဘဲ ကိုကြာပဒုံရဲ့နာမည်နောက်က ညွှန်ကြားရေးဝန်၊ ဝိဇ္ဇာဂုဏ်ထူး၊ ရန်ကုန်၊ မဟာဝိဇ္ဇာ၊ အောက်စဖို့ဒ်ဆိုတာလဲ ထည့်ထားတယ်လေ။ သမီးတော့ ဖတ်ရင်း ရယ်တောင်ရယ်ချင်တယ်၊ ဒါပေမဲ့ ဦးစိန်ရတီမှန်ရဲ့ သမီးအငယ်ဆုံး ဖလော်ရာက သမီးကို အမြဲတမ်းပြိုင်နေတာ၊ အသုဘချတဲ့နေ့ကျရင်တော့ တွေ့ကြဦးမှာပေါ့။**
> (ငြိမ်းကျော်၊ ၂၀၁၂၊ ၁၀၈)

ဟူ၍ ဤဝတ္ထုတိုတွင်ပါဝင်သော အဓိကဇာတ်ဆောင်(၂)ယောက်ဖြစ်သည့် “မစန္ဒာလွင်”နှင့် “ဖလော်ရာ” တို့၏ ဂုဏ်တုဂုဏ်ပြိုင် မာန်မာနကြီးမားကြပုံ စရိုက်တို့ကို တွေ့ရသည်။ နှစ်ဦးနှစ်ဖက်လုံး၏ အသိုင်းအဝိုင်းသည်လည်း ပညာဂုဏ်၊ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝမှုအပေါ်တို့တွင် ဂုဏ်ယူဝင့်ကြွားတတ်

သောသူများ၊ ယစ်မူးသာယာတတ်သော စရိုက်ရှိသူများဖြစ်ကြောင်း တွေ့ရသည်။ ၁၉၆၈ ခုနှစ် ဝန်းကျင်က လူကုံထံ အသိုင်းအဝိုင်းအချင်းချင်း အားပြိုင်မှုကိုပါ သိမြင်ခွင့်ရသည်။

"မစန္ဒာလွင်"နှင့် သူ၏အမေတို့ မျှော်လင့်ထားသည့်နေ့ကို ရောက်လာခဲ့လေပြီ။ "မစန္ဒာလွင်"က သူ့အလှကို ပိုမိုတောက်ပလာစေရန် ပံ့ပိုးပေးနိုင်သည့် အသင့်ပြင်ဆင်ပြီးသား အဝတ်အစား၊ ရတနာတို့ သာမက ခန္ဓာကိုယ်အချိုးအစားအလှ ပိုမိုပေါ်လွင်စေမည့် လမ်းလျှောက်ဟန်ကို လျှောက်လှမ်းရင်း နာရေးအိမ်သို့ ဝင်ရောက်လာပုံသည် ထိုအိမ်သို့ရောက်နေကြသော ဧည့်ပရိသတ်အမျိုးသမီးများသာမက အမျိုးသားများပါ ငေးကြည့်ရလောက်သည်အထိ လှပသည့် ဇာတ်ဆောင်၏ရုပ်သွင်ပြင်ကို မြင်ယောင်မိစေသည်။ ပတ်ဝန်းကျင်ရှိ လူများနှင့် အားပြိုင်မှုကလည်း ဇာတ်ဆောင်၏စရိုက်ကို ပိုမိုတက်ကြွလာစေသည်။

တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေးဘဲ ဂုဏ်တုဂုဏ်ပြိုင် ကြွားလုံးထုတ်ကြသည်။ နာရေးလာသူကလည်း ပွဲနှင့်မလိုက်အောင် ပြင်ဆင်ခဲ့သလို နာရေးရှင်ကလည်း-

> **သူတို့ဒယ်ဒီဟာ သူတို့ကို သိပ်ချစ်ရှာတာ၊ သားသမီးတွေကို အလိုလိုက်တဲ့နေရာမှာ ရှားပါတယ်၊ သားအငယ်ကောင်က ကားအသစ်လဲချင်တယ်ဆိုရင် ချက်ချင်း၊ ပယ်မလာက အိမ်ကစန္ဒရားကို မလိုချင်ဘူးဆိုရင် ချက်ချင်း နိုင်ငံခြားက အသစ်မှာပေးတယ်၊ အကြီးမ စန္ဒရာက ဒီအိမ်နဲ့မနေချင်ဘူး၊ ခေတ်မီတိုက်ဆောက်ပေးဆိုလို့ ရှစ်မိုင်မှာ နှစ်သိန်းကုန် ခေတ်မီတိုက်ဆောက်နေတာ၊ ဟီး...ဟီး...ခုတော့ နှစ်သိန်းကျော်တန်တိုက်ကြီး ပြီးသွားရင် ကျွန်မတို့သွားနေတော့ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ကိုစိန်ရတီမှန်ရဲ့ ဟီး...ဟီး**
> (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၁၃)

ဟူ၍ "ဖလော်ရာ"၏အမေ၊ နာရေးရှင် ငိုချင်းချပုံကို ကြည့်ခြင်းအားဖြင့် ပြန်လည်ချေပကြွားလုံးထုတ်တတ်သူများဖြစ်ကြောင်း တွေ့ရသည်။ ဝမ်းနည်းပူဆွေး၊ သံဝေဂယူရမည့်အစား ဂုဏ်ပကာသနကို ပို၍ အာရုံရောက်နေပုံက ဇာတ်ဆောင်တို့၏ ဆင်ခြင်တုံတရားနည်းပါးမှုကို ပြရာရောက်နေသည်။

အသုဘလည်း သင်္ဂြိုလ်ပြီးပြီ၊ ပွဲလည်းပြီး၍ အိမ်သို့အပြန်လမ်းတွင် "မစန္ဒာလွင်"က သူ့အမေကို ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

**သုသာန်ထဲမှာ နှာခေါင်းမခံနိုင်အောင် နံလိုက်တာမေမေရယ်၊ ဒါပေမယ့် လက်ကိုင်ပဝါနဲ့ နှာခေါင်းပိတ်ထားရင်၊ သမီးလည်ဆွဲကို စင်သီယာတို့ ကောင်းကောင်းမြင်မှာမဟုတ်ဘူး၊ ဒီကောင်မတွေကို ခုလိုလုပ်လိုက်ရတာ သမီးတော့ သိပ်ပျော်တာပဲ။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၁၆)

ဟူ၍ မိမိ၏အလှကို လူပုံအလယ်တွင် ထုတ်ဖော်ပြသရာတွင်လည်း မနှစ်မြို့ဖွယ်ကိုပင် သည်းခံကာ ကြွားဝါတတ်သော စရိုက်သဘာဝကို ပေါ်လွင်စေသည်။ ထို့အပြင် မိမိ၏ ပြုမူလုပ်ဆောင်ချက်များ အပေါ်တွင် သင့်၊ မသင့် မချင့်ချိန်တတ်သော၊ ဆင်ခြင်တုံတရားမရှိသော လူကုံထံအသိုင်းအဝိုင်း၏ စရိုက်သဘာဝကို ဇာတ်ဆောင် "မစန္ဒာလွင်"ထံမှတစ်ဆင့် သိမြင်ခွင့်ရခဲ့သည်။

ဤဝတ္ထုတိုတွင် ဇာတ်သိမ်း၌ ရေးသားထားသော စကားတစ်ခွန်းက ဇာတ်လမ်းတစ်ခုလုံးကို မီးမောင်းထွန်းပြထားသည်။ သုသာန်မှ အိမ်သို့အပြန်လမ်း ကားပေါ်တွင် စကားပြောလာကြရာ မိခင်ဖြစ်သူက သမီးဖြစ်သူ "မစန္ဒာလွင်"ကို-

**အိမ်ကျရင် သမီးဖေဖေကိုလဲ ဒီအကြောင်းပြန်ပြောပြဦးနော်။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၁၆)

ဟူ၍ တွေ့ရှိရသည်မှာ ဂုဏ်ပကာသနအပေါ်တွင် ယစ်မူးကာ မိမိတို့၏ စိတ်ခံစားမှုအပေါ်တွင် သာယာနှစ်သက်တတ်ကြသည်မှာ မိသားစုတစ်ခုလုံး ဖြစ်ကြသည်ကို တွေ့မြင်ရသည်။ ဂုဏ်ပကာသနတစ်ခုတည်းနှင့်သာ လူအဖြစ်ရှင်သန်နေထိုင်ကြသည့် လူကုံထံအသိုင်းအဝိုင်း၏ စရိုက်သဘာဝကြေးမုံပြင်ကို ကြည့်မြင်ခွင့်ရခဲ့ပါသည်။ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝကို ပီပြင်စွာတင်ပြရေးသားထားသည်မှာ ဝတ္ထုတို၏ ဦးတည်ချက်သို့ရောက်အောင် ပို့ဆောင်ထားကြောင်းကို တွေ့မြင်ရပေသည်။ လောကတွင် လူ့သဘာဝအရ စရိုက်မျိုးစုံရှိနိုင်သော်လည်း သတိကြီးစွာထားလျက် ပြုမူနေထိုင်တတ်ရပေမည်။ မိမိတွင် ကိန်းအောင်းလျက်ရှိသော ကောင်းမွန်သော အရည်အသွေး၊ အားသာချက်များကို သိရှိပြီး ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ရမည်။ မိမိတွင်အားနည်းချက်ရှိပါကလည်း ကြိုးစား၍ ဖြည့်တင်းပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

**၂၊ ၁၊ ၄။ ကာလဒေသနောက်ခံ**

"သုသာန်၌သနပ်ခါးလူးခြင်း" ဝတ္ထုတိုတွင် ကာလ၊ ဒေသနောက်ခံဝန်းကျင်ကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။ အချိန်ကာလအဖြစ် ၁၉၆၈ ခုနှစ်ဝန်းကျင် လူကုံထံအသိုင်းအဝိုင်းကို ရည်ညွှန်းရွေးချယ်ထား

သည်ကို တွေ့ရသည်။ ဒေသကိုရွေးချယ်ရာ၌ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ ရှင်သန်လှုပ်ရှားရာ ရန်ကုန်မြို့ကို ရွေးချယ်ထားသည်။ နောက်ခံအဖြစ် ရွေးချယ်ရာတွင် စာရေးသူသည် ဇာတ်လမ်းအတွက် အဓိကကျစေသည့်အချက်ကို ထည့်သွင်းစဉ်းစားကာ တင်ပြထားသည်။ စာရေးသူက ဂုဏ်တုဂုဏ်ပြိုင် ပြုရာနေရာ၊ ဂုဏ်ပကာသနတို့ကို ထုတ်ဖော်ပြသရာနေရာအဖြစ် နာရေးအိမ်နှင့် သုသာန်ကို ရွေးချယ်လိုက်သည်။ နာရေးအိမ်နှင့် သုသာန်ကို နောက်ခံမြင်ကွင်းကောင်းအဖြစ် ဇာတ်ဆောင်တို့နှင့် သရုပ်ဖော်ထားသည်။ ဒေသနောက်ခံကို ခပ်ပါးပါးလေးပြထားသော်လည်း စာဖတ်ပရိတ်သတ်တို့အား ဇာတ်လမ်းကို အစမှ အဆုံးတိုင် တွေ့မြင်နိုင်အောင် ဖန်တီးထားသည်။ စာရေးသူ၏ ကာလဒေသနောက်ခံရွေးချယ်မှုသည် ဇာတ်လမ်းနှင့်အံဝင်ခွင်ကျဖြစ်သည်။ ကာလဒေသနောက်ခံကို နောက်ထပ်ရှုထောင့်တစ်ခု ဖြစ်သည့် ဂုဏ်တုဂုဏ်ပြိုင်ပြုကာ ကြွားဝါခြင်းနှင့် သတိသံဝေဂတရားရစေလိုခြင်းဟူသော ဆန့်ကျင်ဘက်ဖြစ်ရပ်(၂)ခုကို ယှဉ်တွဲပြသထားသည်မှာ နှစ်သက်ဖွယ်ဖြစ်သည်။ ကာလဒေသနောက်ခံ ရွေးချယ်မှုကောင်းသောကြောင့် ဝတ္ထုတိုကို ရုပ်လုံးကြွသက်ဝင်စေသည်ကို တွေ့ရသည်။

### ၃။ ဓမ္မာသောက အင်းဝရာဇာ

“ဓမ္မာသောက အင်းဝရာဇာ” ဝတ္ထုတိုသည် ၁၉၈၅ ခုနှစ်၊ မေလထုတ်၊ ဒဂုန်မဂ္ဂဇင်းတွင် ငြိမ်းကျော်က ရေးသားခဲ့ပြီး “ကိုငှက်ရိုးနှင့်…သနပ်ခါးလူးခြင်း”တွင်ပါဝင်သော ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။

### ၃၊ ၁။ ဦးတည်ချက်

“ဓမ္မာသောက အင်းဝရာဇာ”ဝတ္ထုတိုတွင် မိမိ၏ ဆုံးဖြတ်ချက် မှားခြင်း၊ မှန်ခြင်းသည် မိမိလျှောက်လှမ်းရမည့် ဘဝခရီးဖြစ်သည့်အတွက် ဖြစ်ရပ်တစ်ခု၊ အကြောင်းအချင်းအရာတစ်ရပ်ကို ကြောင်းကျိုးဆီလျော်စေပြီး လက်တွေ့ကျကျ ဝေဖန်ပိုင်းခြားသုံးသပ်ပြီးမှသာ ဆုံးဖြတ်ချက်ချသင့်ကြောင်း ဖော်ပြရင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိရိုးဖလာ ရိုးရာယုံကြည်မှုသာမက အကြောင်းအချင်းအရာတစ်ခုခုကို လွန်ကဲစွာ တစ်ဖက်စွန်းရောက်သည်အထိ ယုံကြည်မိပါက ကောင်းကျိုးထက် ဆိုးကျိုးဖက်သို့သာ ဦးတည်သွားတတ်ကြောင်းကို သတိမူမိစေရန် တင်ပြထားသော ဝတ္ထုတိုကောင်းတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

**၃၊ ၁၊ ၁။ ဇာတ်လမ်း**

ဝတ္ထုတွင်ပါဝင်သော အကြောင်းအရာမှာ မြန်မာလူမျိုးအများစုတို့အတွက် မွေးဖွားခြင်းအစ သေဆုံးမှု အဆုံးအထိ တစ်နည်းနည်းဖြင့် ပတ်သက်ဆက်နွယ်လျက်ရှိသော ရိုးရာဗေဒင်ကိန်းခန်း ယုံကြည်မှု ကြောင့် ဖြစ်ပေါ်လာသော လူမှုဆက်ဆံရေး တစ်စိတ်တစ်ဒေသကိုမှီး၍ ဇာတ်အိမ်ဖွဲ့ထားခြင်းဖြစ်သည်။ ချစ်လျက်နှင့် လမ်းခွဲခဲ့ရသော ခင်စောမွန်နှင့် ကိုဝင်းလတ်တို့၏ ကြေကွဲဖွယ်အဆုံးသတ်ရသော မေတ္တာ ဇာတ်လမ်းကို ကရုဏာသက်ဖွယ် တင်ပြထားသည်။ ဤဝတ္ထုတိုတွင် ဇာတ်ဆောင်(၃)ဦးသာပါဝင်သည်။ ဤဇာတ်လမ်းကို ဇာတ်ဆောင်ကိုယ်တိုင်ပြောသော ပုံစံဖြင့် ရေးသားထားသည်။ မိမိ၏ချစ်သူထက် ဗေဒင်ကိန်းခန်းဆိုင်ရာ ဟောပြောချက်ကို ပို၍ယုံကြည်တတ်သော ခင်စောမွန်၏ ပြောင်းလဲလွယ်သော စရိုက်သဘာဝကို အလေးပေးထားခြင်းဖြင့် ဇာတ်လမ်းကို အစပျိုးကာ၊ အိမ်ထောင်မှုပြုရန်အတွက် ဗေဒင်ကိန်းခန်း၏ လွှမ်းမိုးမှုအခန်းကဏ္ဍသည် မြန်မာလူမျိုးအများစုအပေါ် သက်ရောက်မှုရှိနေကြောင်း ကို တွေ့ရသည်။

**၃၊ ၁၊ ၂။ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝနှင့် အားပြိုင်မှု**

"ဓမ္မသောက အင်းဝရာဇာ"ဝတ္ထုတိုတွင် ဗေဒင်ကိန်းခန်းယုံကြည်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်သည် ကောင်းသောရလဒ်ထက် အဆိုးဖက်ကို ဦးတည်သွားတတ်ကြောင်းဖြင့် ဇာတ်လမ်း၏ ဦးတည်ချက်ကို ပေါ်လွင်အောင် တင်ပြထားသည်။ အချစ်ရေးအတွက် ဗေဒင်ကိန်းခန်းကို ပို၍ယုံကြည် တတ်သူ ခင်စောမွန်၊ ချစ်သူ၏ ဆုံးဖြတ်ချက်အပေါ်တွင် တန်ဖိုးထားနားလည်မှုဖြင့် နောက်ဆုတ်ပေး ခဲ့သူ ကိုဝင်းလတ်၊ သူငယ်ချင်းအဖြစ် တင်ထွန်းတို့ကို ဇာတ်ဆောင်များအဖြစ် အချိတ်အဆက်မိမိ သက်ဝင်လှုပ်ရှားစေကာ ဇာတ်လမ်းတွင် သရုပ်ဖော်ကာ ဝတ္ထုကိုပုံဖော်ထားသည်။

ဇာတ်လမ်းအစတွင် ခင်စောမွန် အမှာစကားပါးလိုက်သောစကားကို ပြောချင်သောကြောင့် တင်ထွန်းတစ်ယောက် ကိုဝင်းလတ်ကို အိမ်မှအပြင်သို့ ခေါ်ထုတ်လာခဲ့သည်။ လမ်းသို့အရောက်တွင် တင်ထွန်းက စကားစလိုက်သည်။ စကားစ စချင်းပင် ကိုဝင်းလတ်တစ်ယောက် ကြားလိုက်ရသည်က-

**မင်းက ဗုဒ္ဓဟူး၊ သူက အင်္ဂါ၊ နေ့ချင်းမတည့်ဘူးတဲ့၊ ပြီးတော့ မင်းက လူနက္ခတ်၊ သူက ဘီလူး နက္ခတ်ဆိုလားပဲ၊ အိမ်ထောင်ဖက်အနေနဲ့ အုန်းတောင်မညှိုးခင်ကွဲမယ်တဲ့၊**

**တစ်ယောက်ယောက် ပျက်စီးနိုင်တယ်ဆိုလားပဲ၊ ဗေဒင်ဆရာက ဟောသတဲ့၊ အဲဒါ...။**

(ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၀)

ကိုဝင်းလတ်၏ စိုးရိမ်စိတ်၊ ပူပန်စိတ်ကို တရိပ်ရိပ်တက်လာစေသောစကားကို သူငယ်ချင်းဖြစ်သူ တင်ထွန်းက ဆိုလိုက်သည်။ ဗေဒင်ကိန်းခန်းယုံကြည်ခြင်း၏ လက်တွေ့ကျသော ဝမ်းနည်းပူဆွေးရသည့်ခံစားမှုကို တင်ထွန်း၏စကားဖြင့် ကိုဝင်းလတ်နှင့်အတူ စာဖတ်ပရိတ်သတ်တို့အား ထိတွေ့စေလိုက်သည်။

ချစ်သူနှစ်ဦး ခွဲခွာရမည်မှာ အသေအချာဖြစ်ကြောင်းကို စာရေးသူက စာဖတ်သူတို့အား အသိပေးလိုက်သည်။ ဇာတ်ဆောင်၏ခံစားမှုကို ပေါ်လွင်စေသည့်စကားကို-

**ငါဗုဒ္ဓဟူးသားမဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ၊ ဘာနေ့သားဖြစ်ရဖြစ်ရ ဗုဒ္ဓဟူးသာမဟုတ်ရင် ဒီပြဿနာပေါ်မှာမဟုတ်ဘူး၊ သူ့အမေကသာ သူ့ကို တနင်္လာနေ့မွေး၊ ဗုဒ္ဓဟူးနေ့မွေး၊ အင်္ဂါမဟုတ်ရင်ပြီးနေတာပဲ၊ အိမ်ကို ငါဘယ်လိုပြောရမှန်းတောင်မသိဘူး။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၂)

ဟူ၍ ဇာတ်ဆောင်ကိုဝင်းလတ်၏ ချစ်ရသူအပေါ်တွင် မခွဲခွာလိုသောကြောင့် ဆောက်တည်ရာမရ ရင်တွင်းမတည်မငြိမ် ခံစားနေရသည်ကို ပေါ်လွင်သည်။ ထို့အတူ စာဖတ်ပရိတ်သတ်တို့၏စိတ်တွင်လည်း ခင်စောမွန်၏ လုပ်ရပ်ကို မချင့်မရဲဖြစ်စေရသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။ စာရေးသူက ဇာတ်ဆောင်တို့၏ စရိုက်သဘာဝကို တင်ပြရာတွင် ကာယကံ၊ ဝစီကံ၊ မနောကံ (၃)ပါးလုံး သိမ်မွေ့ညင်သာသူများဖြစ်သည်ကို ပေါက်ကွဲသည့်အသံ၊ ဟန်တို့ဖြင့်မပြဘဲ-

**ဒါဖြင့်ဝေးပြီပေါ့။**

**တကယ့်ကိုလမ်းဆုံးရောက်ကြပြီလား အချစ်ရယ်။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၄)

ဟူသော အရေးအသားက ဇာတ်ဆောင်ကိုဝင်းလတ်၏ ချစ်သူခင်စောမွန်အပေါ်တွင် အလေးအနက်ထားတတ်သည့် စရိုက်သဘာဝကိုတွေ့ရသည်။ နာကျည်းဒေါသထွက်မှု အလျဉ်းမပါဘဲ မိမိ၏ ကံကြမ္မာဟုသာ ခံယူလိုက်သည့် ဇာတ်ဆောင်၏စရိုက်ကြောင့် ဇာတ်လမ်းအပေါ် စိတ်ဝင်စားမှုမြင့်တက်လာစေသည်။ ထိုနည်းတူစွာပင် တစ်ဖက်ကလည်း ခင်စောမွန်၏ စရိုက်သဘာဝကိုပါ ယှဉ်တွဲသိမြင်

လာသည်။ ချစ်မေတ္တာနှင့် ဗေဒင်ကိန်းခန်းအားပြိုင်မှုတွင် ဇာတ်ဆောင်ခင်စောမွန်က ချစ်မေတ္တာထက် ဗေဒင်ကိန်းခန်းဟောပြောချက်ကို အလေးပေးလိုက်ပြီး ချစ်သူကို စွန့်လွှတ်လိုက်ရသည်ကို-

**ကံကြမ္မာက ဝေးဖို့ဖန်တီးတာကိုးမောင်ရယ်**

**ခင်စောမွန် ဒုက္ခရောက်မှာထက် မောင် ဒုက္ခရောက်မှာစိုးရိမ်လို့ပါ။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၄)

ဟူ၍ ခင်စောမွန်က ချစ်သူကိုဝင်းလတ်ကို လမ်းခွဲဖို့အတွက် လုံလောက်သောစကားအဖြစ် စာရေးသူက ဖန်တီးရေးသားထားသည်။ ခင်စောမွန်၏ ချစ်သူအပေါ်ထားသည့်ခံစားချက်မှာ လေးနက်မှုမရှိသည့် အချက်ကို ဖော်ပြသည်။ ဇာတ်ဆောင်ကိုဝင်းလတ်ကမူ ချစ်သူခင်စောမွန်နှင့် မိသားစုအပေါ် အပြစ်မမြင်၊ မိဘမေတ္တာသဘောကို နားလည်ခံစားမိပုံကို စာရေးသူက အမိအရတင်ပြထားပုံမှာ-

**ခင်စောမွန်နဲ့ ပေးစားတဲ့သူက ရာဇဖွားဆိုတာကအစ၊ ဘယ်ဥစ်ဘယ်လောက် တွင်းပြင်ကသစ် ဘယ်လောက်ဆိုတာ ငါမှတ်မိပါတယ်၊ သူတို့သမီးကောင်းရေးကိုး။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၆)

ဟူ၍ ကိုဝင်းလတ်က ချစ်သူကပြောခဲ့သော ကံကြမ္မာဆိုသောစကားကို ရင်ထဲထည့်၍ ကျိတ်ကာခံစားနေရသည်။ သို့ပါသော်လည်း ကြေကွဲမှုကြောင့် ရရှိလာသော ဒဏ်ရာဒဏ်ချက်များကို ပုံရိပ်အဖြစ် မှတ်တမ်းတင် သိမ်းဆည်းထားဆဲဖြစ်သည်။ ဇာတ်ဆောင်ကိုဝင်းလတ်၏ပုံရိပ်ကြောင့် ဇာတ်လမ်းအရှိန်တက်လာသည်။

ဇာတ်ဆောင်ကိုဝင်းလတ်တစ်ယောက် ခွဲခွာခံရသော ဒဏ်ရာဒဏ်ချက်ကို ခွဲခွာရခြင်း အကြောင်းအရင်းကို ဖြစ်စေသော ဗေဒင်ပညာဖြင့် အစားထိုးကုသလိုက်ခြင်းပင်ဖြစ်သည်။ ဗေဒင်ပညာကို သာမန်သဘောသာမက နားလည်သင့်သည်ထက်ပို၍ နားလည်သိမြင်လာသည်။ ခင်စောမွန်တစ်ယောက် ကလေး(၄)ယောက်ရပြီးချိန်တွင် ကံကိုယုံ၍ ဆူးပုံနင်းလိုက်သောကြောင့် ဆူးစူးခဲ့ရလေပြီ။ အိမ်ထောင်ရေးပြိုကွဲခဲ့လေပြီ။ ဤတွင် ဇာတ်ဆောင်ကိုဝင်းလတ်အပေါ်တွင် သနားကရုဏာပိုခဲ့သော စာဖတ်ပရိတ်သတ်တို့အတွက် စိတ်ခံစားချက်တို့ကို ကျေနပ်မှုပေးလိုက်သည်။ ဇာတ်ဆောင်ခင်စောမွန်၏ ရွေးချယ်ချက်မှားခြင်းကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်ကို စာဖတ်သူတို့က သနားကရုဏာထားရမည့်အစား 'မှတ်ပြီလား' ဆိုသော စိတ်အတွေးဖြင့် ဝမ်းသာပေးလိုက်ကြသည်။ လူ့စရိုက် သဘော

သဘာဝအရ အကောင်းနှင့်အဆိုး အတူယှဉ်တွဲ၍လာလျှင် အကောင်းကို အတောမသတ် လက်ခံချင်သလောက်၊ အဆိုးကိုမူကား လက်မခံချင်ကြသည်မှာ သဘာဝပင် ဖြစ်သည်။ ထိုသဘာဝကိုပေါ်လွင်အောင် စာရေးသူက ဇာတ်ဆောင်တို့၏စရိုက်တွင် ထင်ဟပ်စေကာ ပုံဖော်ထားပေသည်။

ကိုဝင်းလတ်၊ တင်ထွန်း၊ ခင်စောမွန်တို့ သုံးယောက်တွေ့ဆုံခန်းသည် ဇာတ်သိမ်းပိုင်းဖြစ်သည်။ ထို့အတူပင် စာရေးသူက စာဖတ်သူတို့အား သိမြင်နားလည်စေချင်သည့်အချက်ကိုလည်း ထင်ရှားစွာတွေ့မြင်ခွင့် ရစေခဲ့သည်။ ဇာတ်ဆောင်ခင်စောမွန်တစ်ယောက် တစ်ချိန်က သူလက်ခံယုံကြည်ခဲ့သောအယူအဆတို့မှာ အခြေအမြစ်မရှိသည်ကို သိလာခဲ့ပြီ။ လက်တွေ့ဘဝမှရခဲ့သော အိမ်ထောင်ရေးဘဝသင်ခန်းစာကို အခြေခံ၍ “ဓမ္မာသောက အင်းဝရာဇာ”ဟူသော ဗေဒင်အလိုရ အိမ်ထောင်ဘက်ရွေးနည်းကို လက်ခံနိုင်စွမ်းမရှိတော့လေပြီ။

> **အမှန်က သီရိဓမ္မာသောကမင်းကြီးဟာတဲ့ အင်းဝမှာ ရာဇာဘုရင်လာလုပ်ဖူးတယ်လို့ ပြောတာပါ။** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၉)

ဟု မိမိ၏လွန်ကဲသောယုံကြည်ချက်ကြောင့် ကိုယ့်ဘဝကိုယ် စတေးခံလိုက်ရသည်ကို အရွန်းဖောက်ကာ ယုံကြည်ချက်ပြောင်းသွားပုံကို ဖော်ပြထားသည်။ သို့သော် စာရေးသူက စာဖတ်ပရိတ်သတ်အတွက် ဆက်လက်၍ တွေးတောကာ ခံစားရစေသည့် ခံစားမှုရသကို-

> **အချည်းနှီး နှစ်များစွာကို နှမြောနောင်တရရန် မသင့်လျော်တော့** (ငြိမ်းကျော်၊ ၂၀၀၂၊ ၁၈၉)

ဟူသော ဇာတ်ဆောင်ကိုဝင်းလတ်၏ စိတ်အတွေးခံစားချက်က စာဖတ်သူတို့၏ရင်ကို ထိစေသည်။ ဤဇာတ်လမ်း၌ ဇာတ်ဆောင်အချင်းချင်းအားပြိုင်မှုကို တင်ပြရာတွင် ရုပ်ပိုင်းဆိုင်ရာအားပြိုင်မှုထက် စိတ်ပိုင်းဆိုင်ရာအားပြိုင်မှုကို အသားပေးထားသည်ကို တွေ့ရသည်။ လောကတွင် မဖြစ်မနေပြုလုပ်ရမည့် ရွေးချယ်မှုများနှင့် ကြုံတွေ့လာရလျှင် အတွင်းစိတ်ကိုယ်ခံအားကောင်းဖို့ အထူးအရေးကြီးပေသည်။ မိမိဘဝအတွက် ပဲ့ကိုင်ရှင်သည် မိမိသာဖြစ်သည့်အတွက် အရာရာကို ကျိုးကြောင်းဆီလျော်စွာ ရှုမြင်သုံးသပ်နိုင်စွမ်းကို ပြုစုပျိုးထောင်မွေးမြူထားရမည်ဖြစ်ကြောင်း တင်ပြထားသည်။ ဝတ္ထု၏ ဦးတည်ချက်ကိုလည်း ပြည့်မြောက်စေသည်ကိုလည်း တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

ငြိမ်းကျော်၏ “သုသာန်၌သနပ်ခါးလူးခြင်း” ဝတ္ထုတိုတွင် အမြီးအမောက်မတည့်သော လူ့စရိုက်၊ လူ့သဘာဝကို သိမြင်ခွင့်ရလိုက်သည်။ ဖြစ်သင့်တာထက် ဖြစ်ချင်တာကိုသာ ဦးစားပေးဆောင်ရွက် လိုက်ခြင်းသည် မအပ်စပ်သည့်ဖြစ်ရပ်ကို ဖြစ်ပေါ်စေနိုင်သည်ကို ထိတွေ့ခံစားမိသည်။ ဤဝတ္ထုတိုတွင် နာရေးမြင်ကွင်းကို ပြသ၍ သံဝေဂယူ ဆင်ခြင်ဖွယ်ကို တင်ပြထားသော်လည်း စာရေးသူက စာဖတ်သူ တို့အား အနီးမြင်ကွင်းကျဉ်းကျဉ်းလေးကိုသာ မြင်တွေ့စေချင်ပုံမရပါ။ လောကရှိ လူ့ကိစ္စတိုင်းတွင် သင့်တင့်လျောက်ပတ်စွာ နေထိုင်မှုပြုနိုင်တတ်ကြစေရန် ပြောဆိုချင်ပုံရပါသည်။ ရိုးရှင်းသော်လည်း ဆန်းသစ်သည့်အတွေးဖြင့် ရေးသားထားသည်။ အမျိုးသမီးတစ်ယောက်၏ အလှအပကိုရေးသားရာ၌ အသေးစိတ်ကျလှသည်။ ရုပ်ပိုင်းဆိုင်ရာအလှကို ဖော်ပြနိုင်သကဲ့သို့ အမျိုးသမီးသဘာဝ စိတ်ထဲတွင် သာမက ပြင်ပတွင်ပါကြွားလုံးထုတ်တတ်ကြသည့် သဘာဝကိုလည်း လှလှပပ ဖော်ပြထားသည်။

သို့သော်လည်း စိတ်အလှကိုပြင်ဖို့ထက်၊ ရုပ်အလှပြင်ဖို့ကိုသာ အဓိကထားတတ်ကြသည့် လူ့စရိုက် သဘာဝကိုလည်း သိမြင်ခွင့်ရသည်။ ဆရာငြိမ်းကျော်သည် ဤဝတ္ထုတိုကို အသက်ဝင်လှုပ်ရှားမှုရှိစေရန် ဇာတ်ဆောင်တို့၏ သွင်ပြင်ပုံပန်းနှင့် အပြုအမူ လှုပ်ရှားမှုအမူအရာကို အသားပေးကာ တင်ပြထားသည်။ ဝတ္ထုတို၏ခေါင်းစဉ်ကို အမည်ပေးရာတွင်လည်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ပေးထားသည်။ ဝတ္ထုတိုကို အစမှ အဆုံးထိ ဖတ်ချင်အောင်ဆွဲဆောင်ထားနိုင်သည်ကို တွေ့ရသည်။ “သုသာန်၌သနပ်ခါးလူးခြင်း” ဆိုသည်ကပင် စာရေးသူက “ဘာကိုဆိုလိုချင်သနည်း” ဟူသည့်အချက်ကို သိချင်လာသည်။ ဤဝတ္ထုတို တွင် “သနပ်ခါးလူးခြင်း”နှင့်ဆိုင်သည့် အကြောင်းအရာတစ်ခုမှမပါဝင်ပါ။ သို့သော် စာဖတ်ပရိတ်သတ်က အဆုံးထိဖတ်ပြီးသွားချိန်တွင် စာရေးသူက ဘာကိုဆိုလိုချင်၊ ပြောချင်သည်ကို နားလည်သွားကြသည်။

ဤဝတ္ထုတိုသည် စာဖတ်ပရိတ်သတ်၏ ခံစားမှုအသိဉာဏ် အနု၊ အရင့်ပေါ်မူတည်၍ လောကအပေါ် ရှုမြင်သုံးသပ်နိုင်စွမ်းရှိလျှင်ရှိသလောက် အကျိုးဖြစ်ထွန်းလာနိုင်သည်။ စာရေးသူ၏ စိတ်စေတနာ ကောင်းဖြင့် ရေးသားသောကြောင့် စာဖတ်သူပရိတ်သတ်တို့အတွက် အကျိုးများစွာရရှိ၍ မှန်ကန်သော အတွေးများစွာကို ဖြန့်ကျက်ခွင့်ရရှိစေခဲ့သည်။

ငြိမ်းကျော်၏ "ဓမ္မာသောက အင်းဝရာဇာ"ဝတ္ထုတိုသည် ဇာတ်ဆောင်အချင်းချင်းအားပြိုင်မှုကို အလေးပေး ရေးသားထားသည်ကို တွေ့ရသည်။ အဓိကဇာတ်ဆောင်များ၏ ဘဝလမ်းကြောင်း၌ အတားအဆီး၊ အချိုးအကွေ့များနှင့် ကြုံတွေ့လာရသောအခါ စာဖတ်ပရိတ်သတ်တို့၏ စိတ်ဝင်စားမှုသည် ထက်သန်လာသည်။ အာရုံစူးစိုက်မှုမြင့်တက်လာသည်မှာ စာရေးသူ၏ ဝတ္ထုတိုအရေးအသားကျွမ်းကျင်မှုရှိသည်ကို တွေ့ရှိရသည်။ ငြိမ်းကျော်သည် သူ၏ဝတ္ထုတိုတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်များကို ကိုင်တွယ်ဖန်တီးရာတွင် အံဝင်ခွင်ကျဖြစ်သည်ကိုလည်း တွေ့ရပါသည်။ ဇာတ်ဆောင်များ၏ စရိုက်များကိုလည်း အတင်းပုံသွင်းမယူ၊ အရှိကိုအရှိအတိုင်းတင်ပြရာတွင်လည်း စည်းလွတ်ဝါးလွတ် ပုံဖော်ထားခြင်းမရှိပေ။ စာဖတ်ပရိတ်သတ်များ လက်ခံလောက်သော ဇာတ်ဆောင်များအဖြစ်သာ ပုံဖော်တင်ဆက်ထားပါသည်။ "ဓမ္မာသောက အင်းဝရာဇာ" ဝတ္ထုတိုတွင် ခင်စောမွန်သည် ကိုဝင်းလတ်အပေါ်တွင် ကျိုးကြောင်းဆီလျော်မှုနည်းပါးသော ယုံကြည်ချက်တစ်ခုကြောင့် ချစ်သူကိုစွန့်ခွာခဲ့သည်။

ထို အကျိုးဆက်ရလဒ်ကြောင့် ခင်စောမွန်အိမ်ထောင်မမြဲခဲ့ချေ။ နှောင်းမှရသော နောင်တကို ခံစားရင်း ကြေကွဲဝမ်းနည်းမှုဖြင့် ဇာတ်လမ်းကိုအသက်သွင်းထားသည်။ ဝတ္ထုတိုတို့၏ သဘောသဘာဝအတိုင်း ဖြစ်ရပ်တစ်ခုကို တစ်ခဏချင်းအတွင်း သိလွယ် မြင်လွယ် အတုယူဖွယ် ရေးသားထားသောကြောင့် နှစ်သက်ဖွယ်ကောင်းလှသည်။

## နိဂုံး

ဤစာတမ်းသည် ငြိမ်းကျော်၏ ဝတ္ထုတိုများမှ ဝတ္ထုတို(၂)ပုဒ်ကို ရွေးချယ်တင်ပြထားပါသည်။ ဝတ္ထုတိုတစ်ပုဒ်တွင်ပါဝင်ရမည့် အင်္ဂါရပ်များနှင့် ဝတ္ထုတိုတစ်ပုဒ်ဖန်တီးရာတွင် စာရေးသူသည် စာဖတ်သူပရိတ်သတ်တို့အပေါ်တွင်ထားသော စိတ်စေတနာကောင်း မရှိမဖြစ် လိုအပ်လှပါသည်။ ထိုစိတ်စေတနာကောင်းကို ဇာတ်လမ်းအသွင်ဖန်တီးကာ ဇာတ်ဆောင်တို့၏အားပြိုင်မှုများဖြင့် ပုံဖော်လိုက်သောအခါ စာဖတ်သူတို့ သတိမမူမိသော အကြောင်းအရာ၊ ပတ်ဝန်းကျင်ကို တွေ့မြင်လာသည်။ မိမိတို့ မှန်ကန်သည်ဟုထင်ရသော အကြောင်းအရာတစ်ချို့၏ လွဲမှားနေမှုတို့ကို သိလာသည်။ မြင်လာသည်။ စာရေးသူ၏ စိတ်စေတနာကောင်းကို တွေ့ကြုံခံစားရသော စာဖတ်ပရိတ်သတ်များအနေဖြင့် လောကကို ကြည့်မြင်သောအခါ အကောင်း၊ အဆိုးမျှ၍ ရှုမြင်သုံးသပ်တတ်လာမည်။ ကိုယ်ချင်းစာတရားပွားများ

လာပြီး ခွင့်လွှတ်သည်းခံတတ်သည့် အလေ့အထကောင်းများ ရရှိလာမည်။ ဤသည်မှာ စာရေးသူ၏ စေတနာနှင့် အတတ်ပညာသည် အချိုးအစား ပြေပြစ်လိုက်ဖက်မှုရှိခြင်းကို ပြသရာရောက်နေခြင်းပင်ဖြစ်ပါသည်။ ဤစာတမ်းသည် ဝတ္ထုတိုရေးသား လိုသူများအနေနှင့်လည်းကောင်း၊ ဖတ်ရှုခံစားလိုသူများ အနေနှင့်လည်းကောင်း ထားရှိရမည့် သဘောထား၊ ခံယူချက်၊ အတွေးအမြင်များကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

### ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်၊ (ဓနုဖြူ)။ ၂၀၁၁။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ။

ငြိမ်းကျော်။ ၂၀၀၂။ ***ကိုငှက်ရိုးနှင့်...သနပ်ခါးလူးခြင်း*** ။ ရန်ကုန်မြို့၊ ရွှေစာပေတိုက်။

ဇော်ဂျီ။ ၂၀၀၄။ ***ရသစာပေအဖွင့်နိဒါန်း*** ။ ရန်ကုန်မြို့၊ အင်ကြင်းဦးပုံနှိပ်တိုက်။

မိုးမြေ၊ မ။ ၂၀၁၉။ ***ဝတ္ထုတိုသဘောတရား ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ*** ။ ရန်ကုန်မြို့၊ ကံ့ကော်ဝတ်ရည်စာပေ။

မိုးမြေ၊ မ။ ၂၀၁၆။ ***စာဖတ်ချင်အောင်ဘယ်လိုရေးကြမလဲ*** ။ ရန်ကုန်မြို့၊ စိုးမိုးလွင်မိသားစုစာပေ။

ဝင်းငြိမ်း။ ၂၀၁၁။ ***ဝင်းငြိမ်းနှင့်စာရေးဆရာများ၊ အတွဲ(၁)*** ။ ရန်ကုန်မြို့၊ ကံ့ကော်ဝတ်ရည်စာပေ။

ဝင်းငြိမ်း။ ၂၀၁၂။ ***ဝင်းငြိမ်းနှင့်စာရေးဆရာများ၊ အတွဲ(၂)*** ။ ရန်ကုန်မြို့၊ ကံ့ကော်ဝတ်ရည်စာပေ။